CHUBB

Chubb Life Insurance Myanmar Limited
18F Myanmar Centre Tower 2,
192 Kabar Aye Pagoda Rd, Bahan Tsp,
Yangon, Myanmar.

Office : +959 7500 66 908
Fax : +951 934 588
Hot Line : +959 7500 66 900
http://life.chubb.com/mm

# ပြင်းထန်သောရောဂါကုသမှုအာမခံ
# စည်းကမ်းချက်များ

၁။ အာမခံထားရှိသူ ကိုယ်တိုင်က ပြင်းထန်သောရောဂါကုသမှုအာမခံအဆိုလွှာပါ ဖော်ပြချက်များတွင် ပေါ့ဆစွာဖော်ပြခြင်း၊ မှားယွင်းစွာဖော်ပြခြင်း၊ တမင်ရည်ရွယ်ချက်ဖြင့် လွဲမှားစွာဖော်ပြခြင်း၊ ထိန်ချန်ခြင်း၊ လိမ်လည်ခြင်းစသည့် မမှန်မကန်ဖော်ပြခြင်းများရှိပါက အာမခံစာချုပ်ပါ အကျိုးခံစားခွင့်များ ဆုံးရှုံးမည်။

၂။ အာမခံပရီမီယံ ပေးသွင်းသည့်အချိန်မှစ၍ အာမခံသက်တမ်း စတင်သည်။ အာမခံသက်တမ်း(၁) နှစ် ပြည့်မြောက်သည့်နေ့၏ ည(၁၂) နာရီတွင် သက်တမ်းကုန်ဆုံးမည်။

၃။ အာမခံထားသူက အာမခံစာချုပ် ရုပ်စဲခြင်းကြောင့် ပရီမီယံအမ်းငွေ ခံစားခွင့်မရှိပါ။ အာမခံလက်ခံသူက အာမခံစာချုပ်ရုပ်စဲလိုလျှင် ကျန်ရှိကာလအတွက် ရက်တွက်နှုန်းဖြင့် ပရီမီယံ ပြန်အမ်းမည်။

၄။ ပထမအကြိမ် ပရီမီယံပေးသွင်းပြီးနောက် ကျန်ကာလများအတွက် ပရီမီယံပေးသွင်းမှုစနစ်အရ ပရီမီယံပေးသွင်းရမည့် သတ်မှတ်နောက်ဆုံးနေ့၏ နောက်တစ်နေ့မှ (၁၅)ရက်အတွင်း ပေးသွင်းရန်၊ အကျိုးခံစားခွင့်ပေးချေရမည့်ကိစ္စ ဖြစ်ပွားပါက အကျိုးခံစားခွင့်ပေးမည့်ငွေထဲမှ စောင့်ဆိုင်းကာလအတွင်း မပေးချေရသေးသည့် ပရီမီယံကို ခုနှိမ်၍ ပေးလျော်မည်။ ပရီမီယံကြေးပေးသွင်းခြင်း မရှိပဲ ပရီမီယံကြေးပေးသွင်းရန် စောင့်ဆိုင်းပေးသည့်ကာလကို ကျော်လွန်သွားပါက အာမခံစာချုပ်သည် စောင့်ဆိုင်းကာလ ပြည့်သည့်နေ့၏ နောက်တစ်နေ့မှစပြီး အကျိုးသက်ရောက်မှု ပျက်ပြယ်သွားမည်ဖြစ်ပါသည်။ သက်တမ်းဆက် အာမခံစာချုပ်များအတွက် အာမခံသက်တမ်း ပြန်စသည့်ကြားကာလတွင် ပရီမီယံပေးသွင်းရန် စောင့်ဆိုင်းကာလ မရှိပါ။

၅။ အကျိုးခံစားခွင့်တင်ပြတောင်းခံခြင်းအတွက် အာမခံလက်ခံသူမှ ထပ်မံတောင်းခံသော လိုအပ်သည့်စာရွက်စာတမ်းများကိုအာမခံထားသူမှ (၃)လအတွင်း ပေးပို့နိုင်ခြင်းမရှိပါက အကျိုးခံစားခွင့်ဆုံးရှုံးမည်။

၆။ အာမခံထားရှိပြီး (၁)လအတွင်း အာမခံအကျိုးခံစားခွင့် တောင်းခံသော ဖြစ်ရပ်များအတွက် တင်ပြသောရောဂါများကို အာမခံလက်ခံသည့်ကုမ္ပဏီ၏ ကျွမ်းကျင်သူများမှ ထပ်မံစိစစ်မည်ဖြစ်သည်။

## အကျိုးခံစားခွင့် အကျုံးမဝင်သည့်အချက်များ

အောက်ဖော်ပြပါ ကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ပြင်းထန်သောရောဂါ (သို့) သေဆုံးခြင်းတို့အတွက် အကျိုးခံစားခွင့် အကျုံးဝင်မည်မဟုတ်ပါ။(Exclusion)

(၁) ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန်ဆရာဝန်၏ ထောက်ခံချက်ကို ရရှိထားခြင်း၊ ရောဂါလက္ခဏာ ရှိပြီးသား ဖြစ်နေခြင်း၊

(၂) စိတ်ပေါ့သွပ်ခြင်း (Psychosis)၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း (Mental Disorders)။

(၃) ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း

(၄) အလှအပအတွက်ဖြစ်ခြင်း

(၅) နားကြားကိရိယာ တပ်ဆင်ရန်အတွက်ဖြစ်ခြင်း

(၆) ကိုယ်ခန္ဓာချို့ယွင်းခြင်း (Physical Defect) သို့မဟုတ် မသန်စွမ်းခြင်း (Infirmity)

(၇) မူးယစ်ဆေးဝါးသုံးစွဲခြင်း

(၈) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း

(၉) AIDS/HIV ဖြစ်ခြင်း

(၁၀) အကြမ်းဖက်ဖျက်စီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင်ဖြစ်ပွားခြင်း (စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့် ဖော်ပြပါ အဖြစ်အပျက်တစ်ခုခု၏ တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သော အကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့် မတော်တဆဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)

(၁၁) လိမ်လည်တောင်းခံသည့်ဖြစ်ရပ်များ

(၁၂) မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင် ပြုလုပ်ခြင်း

(၁၃) အာမခံစသည့်နေ့ (သက်တမ်းဆက်ထားသည့် စာချုပ်ဖြစ်ပါက သက်တမ်းမဆက်မီ စာချုပ်၏ အာမခံစသည့်နေ့) မှစပြီး ရက်ပေါင်း(၉၀)အတွင်း ရောဂါအမည် သတ်မှတ်ခံရသည့် ကင်ဆာဖြစ်သောအလုံးအကျိတ် (Malignant Tumor) ကိုကုသခြင်း

(၁၄) Carcinoma in situ/ Intraepithelial Neoplasm (အက်ပီသီလျှမ်အလွှာတွင်း အလုံးအကျိတ်၊ အရေပြား၊ အသက်ရှူ၊ အစာနှင့် ဆီးလမ်းကြောင်းတို့၏ အခေါင်းအင်္ဂါလမ်းကြောင်းအားလုံးရှိ အက်ပီသီလျှမ်ဆဲလ် အလွှာတွင် အလုံးအကျိတ်ဖြစ်ပွားခြင်း။

## ရရှိမည့် အကျိုးခံစားခွင့် ရှင်းလင်းချက်များ

ပြင်းထန်သောရောဂါကုသမှု အာမခံအကာအကွယ် ရရှိနိုင်သည့် အကျိုးခံစားခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| စဉ် | အာမခံ အကာအကွယ် နှင့်ယူနစ် | အကျိုးခံစားခွင့် ရရှိနိုင်မှု | လျော်ကြေးပေးချေမည့် ငွေပမာဏ (ကျပ်) | အကျိုးခံ စားခွင့်ရှိသူ |
|---|---|---|---|---|
| ၁ | ပြင်းထန်သော ရောဂါကုသခြင်း<br>(   ) ယူနစ် | <u>၁။ Heart Attack (နှလုံးရပ်ခြင်း)</u><br>• Heart Attack ဆိုသည်မှာ နှလုံးသွေးကြော ရုတ်တရက် ပိတ်ဆို့ကာနှလုံးတစ်ရှူး သေသွားခြင်းကို ခေါ်ဆိုပါသည်။ Heart Attack ၏ ရောဂါလက္ခဏာများကို ECG တွင် ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။<br>**<u>အကျုံးမဝင်သည့်အချက်များ</u>**<br>• ပေါ်လစီမစတင်မီ ရောဂါရှိပြီးသားဖြစ်နေခြင်း (သို့) ရောဂါလက္ခဏာရှိပြီးသား ဖြစ်နေခြင်းတို့တွင် လျော်ကြေးပေးချေရန် အကျုံးမဝင်ပါ။<br>**<u>လျော်ကြေးပေးချေရမည့်အခြေအနေ</u>**<br>• နှလုံးအထူးကုမှ ရောဂါကိုအတည်ပြုပြီး ဆေးရုံတက်ရောက် ကုသမှုခံယူမှသာ လျော်ကြေးပေးချေမည် ဖြစ်ပါသည်။<br><u>၂။ Stroke (လေဖြတ်ခြင်း)</u><br>• လေဖြတ်ခြင်းဆိုသည်မှာ ဦးနှောက်သွေးကြောပေါက်ခြင်း (သို့) သွေးခဲ ပိတ်ဆို့ခြင်းကို ခေါ်ဆိုပါသည်။ ဤရောဂါသည်ရုတ်တရက်ဖြစ်ပေါ်တတ် သကဲ့သို့ ရောဂါရှာဖွေစစ်ဆေးခြင်းဖြင့်လည်းတွေ့ရှိနိုင်ပါသည်။အကယ်၍ပုံမှန်မဟုတ် သော ရောဂါလက္ခဏာများတွေ့ရှိပါကCTScan ဖြင့်အတည်ပြုရမည်ဖြစ်ပါသည်။ သို့သော် သာမာန် (မပြင်းထန်သော) လေဖြတ်ခြင်းတို့ကို စစ်ဆေးရန် မလိုအပ်ပါ။<br>**<u>အကျုံးမဝင်သည့်အချက်များ</u>**<br>• ပေါ်လစီမစတင်မီ လေဖြတ်ခြင်း (သို့) လေဖြတ်သည့် လက္ခဏာရှိပြီးသား ဖြစ်နေခြင်းတို့တွင် လျော်ကြေးပေးချေရန် အကျုံးမဝင်ပါ။<br>**<u>လျော်ကြေးပေးချေရမည့်အခြေအနေ</u>**<br>• အထူးကုဆရာဝန်မှ ရောဂါကိုအတည်ပြုပြီး ဆေးရုံတက်ရောက် ကုသမှု ခံယူမှသာ    လျော်ကြေးပေးချေမည် ဖြစ်ပါသည်။<br><u>၃။ Cancer (Life – threatening) - ကင်ဆာ</u><br>• အလုံးအကျိတ် (သို့) လျင်မြန်သော ဆဲလ်ပွားနှုန်းရှိသည့် အဖုအကျိတ်တို့သည် အခြားကိုယ်အင်္ဂါအစိတ်အပိုင်းများသို့ ပျံ့နှံ့သွားခြင်းကို Life- threatening ကင်ဆာဟု ခေါ်ဆိုပါသည်။ အထူးကုဆရာဝန်၏ အတည်ပြုချက်လိုပါသည်။<br>**<u>အကျုံးမဝင်သည့်အချက်များ</u>**<br>• အက်ပီသီလျန်အလွှာအတွင်းဖြစ်သော အလုံးအကျိတ်/အရေပြား၊ အသက်ရှု၊ အစာနှင့် ဆီးလမ်းကြောင်းတို့၏ အခေါင်းအင်္ဂါလမ်းကြောင်း အားလုံးရှိ ဆဲလ်အလွှာတွင် အလုံးအကျိတ်ဖြစ်ပွားခြင်းတို့တွင် လျော်ကြေးပေးချေရန် အကျုံးမဝင်ပါ။<br>**<u>လျော်ကြေးပေးချေရမည့်အခြေအနေ</u>**<br>• အထူးကုဆရာဝန်မှ ကင်ဆာရောဂါအခြေအနေကို အတည်ပြုရပါမည်။ အာမခံထားသူသည် ပထမအကြိမ်ဖြစ်သောကင်ဆာ ဖြစ်ရမည်ဖြစ်ပြီး ဆေးကုသမှု စတင်ခံယူလျှင် လျော်ကြေးပေးချေမည် ဖြစ်ပါသည်။<br><u>၄။ Renal Failure (ကျောက်ကပ်ပျက်စီးခြင်း)</u><br>• ရုတ်တရက် (သို့) နာတာရှည်ကျောက်ကပ်ရောဂါ ခံစားရသည့်အတွက် ကျောက်ကပ် (၂)ဖက်စလုံး ပျက်စီးခြင်းကြောင့် ပုံမှန်ကျောက်ကပ် ဆေးခြင်း၊ ကျောက်ကပ်လဲခြင်း စသည့်ကုသမှုများ ပြုလုပ်ရန်လိုအပ်သည့် အခြေအနေကို ကျောက်ကပ်ပျက်စီးခြင်းဟု ခေါ်ဆိုပါသည်။<br>**<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**<br>• အထူးကုဆရာဝန်မှ ရောဂါကို အတည်ပြုပေးရမည်။<br><u>၅။ Major Organ Transplant – အစားထိုးကုသခြင်း</u> | 1,000,000 ကျပ် x ယူနစ်အရေအတွက် | အာမခံထားသူ |

• Major Organ Transplant ဆိုသည်မှာ ကုသ၍မရသော နှလုံး၊ အဆုတ်(၂)ခုလုံး၊ အသဲ၊ကျောက်ကပ်(၂)ဖက်လုံး၊ရိုးတွင်းချဉ်ဆီတို့ကို အစားထိုးကုသခြင်းဖြစ်ပါသည်။

**<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**

• အထူးကုဆရာဝန်မှ Major Organ များ ပျက်စီးသွားသည်ဟု အတည်ပြုပြီး လူနာမှလည်း ကုသမှုစတင်ခံယူပါက လျော်ကြေးပေးချေမည် ဖြစ်ပါသည်။

<u>၆။ Heart Valve Replacement or Repair ဆိုသည်မှာ နှလုံးအဆို့ရှင်ပျက်စီးခြင်း (သို့) ပြုပြင်ခြင်း</u>

• Heart Valve Replacement or Repairဆိုသည်မှာနှလုံးအဆို့ရှင်ပျက်စီးခြင်း(သို့) ပုံမှန်မဟုတ်ခြင်းအတွက် အစားထိုးခြင်း (သို့) ပြုပြင်ခြင်းတို့အတွက် ခွဲစိတ်ကုသမှု ပြုလုပ်ခြင်းကို ခေါ်ဆိုပါသည်။ နှလုံးပျက်စီးခြင်း (သို့) နှလုံးပုံမှန်မဟုတ်သည့် အခြေအနေမျိုးတွင် ပြုလုပ်ပါသည်။

• **<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**

• အထူးကုဆရာဝန်မှ ခွဲစိတ်ကုသရန်လိုအပ်သည်ဟု အတည်ပြုပြီးမှသာ လျော်ကြေးပေးချေမည် ဖြစ်ပါသည်။

<u>၇။ Coronary Artery bypass surgery – လမ်းကြောင်းလွှဲ၍ နှလုံးခွဲစိတ်ကုသခြင်း</u>

• Coronary Artery bypass surgery ဆိုသည်မှာ နှလုံးသွေးကြောကျဉ်းခြင်း (သို့) နှလုံးသွေးကြော (၁) ချောင်း/ (၁) ချောင်းထက်ပို၍ ပိတ်ခြင်းစသည့် အခြေအနေ များတွင် လမ်းကြောင်းလွှဲ၍ ခွဲစိတ်ကုသခြင်းကို ခေါ်ပါသည်။

**<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**

• အထူးကုဆရာဝန်မှ ခွဲစိတ်ကုသရန် လိုအပ်သည်ဟု အတည်ပြုပြီးမှသာ လျော်ကြေးပေးချေမည် ဖြစ်ပါသည်။

<u>၈။ Severe Burns - ပြင်းထန်စွာ မီးလောင်ခြင်း</u>

• အရေပြားအောက်နက်နဲသော မီးလောင်ခြင်း (ခန္ဓာကိုယ်မျက်နှာပြင်တွင် အနည်းဆုံး ၂၀ ရာခိုင်နှုန်း) ကို Severe Burns ဟု ခေါ်ဆိုပါသည်။

**<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**

• အထူးကုဆရာဝန်မှ ခွဲစိတ်ကုသရန် လိုအပ်သည်ဟု အတည်ပြုပြီးမှသာ လျော်ကြေးပေးချေမည် ဖြစ်ပါသည်။

<u>၉။ Coma - သတိမေ့ခြင်း</u>

• ပြင်ပမှလှုံ့ဆော်ခြင်း (သို့) ခန္ဓာကိုယ်တွင်းမှ လှုံ့ဆော်ခြင်းတို့ကို တုန့်ပြန်မှုမရှိဘဲ (၉၆)နာရီဆက်တိုက်သတိမေ့နေခြင်းကိုComaဟုခေါ်ဆိုပါသည်။ယင်းအခြေအနေ တွင် Glasgow coma score သည် (၄) သို့မဟုတ် (၄) အောက်တွင် ရှိနေရပါမည်။

• **<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**

• အထူးကုဆရာဝန်မှ ရောဂါအခြေအနေကို အတည်ပြုပြီး ဆေးရုံတက်၍ ဆေးကုသမှုခံယူမှသာ လျော်ကြေးပေးချေမည် ဖြစ်ပါသည်။

**<u>အကျုံးမဝင်သည့်အချက်များ</u>**

• ရောဂါအတွက်သုံးသော ဆေးများလွန်ကဲရာမှဖြစ်ပေါ်လာသော သတိမေ့ခြင်း
• အရက် (သို့) မူးယစ်ဆေးဝါး သုံးစွဲခြင်း၏ အကျိုးဆက်ကြောင့် သတိမေ့ခြင်း
• ဦးနှောက်သေဆုံးခြင်းကြောင့် သတိမေ့ခြင်း

<u>၁၀။ Bacterial Meningitis - ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း</u>

• Bacterial Meningitis ဆိုသည်မှာ ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက် အမြှေးရောင်ခြင်းကို ခေါ်ဆိုပါသည်။ ဦးနှောက်ကျောရိုးမကြီးမှ ထုတ်ယူသော အရည် (Cerebrospinal Fluid) ကို ပိုးမွေးစစ်ဆေးပြီးမှ အတည်ပြုနိုင်ပါသည်။

**<u>လျော်ကြေးပေးချေမည့်အခြေအနေ</u>**

• အထူးကုဆရာဝန်မှ ရောဂါအခြေအနေကို အတည်ပြုပြီး ဆေးရုံတက်၍ ဆေးကုသမှုခံယူမှသာ လျော်ကြေးပေးချေမည် ဖြစ်ပါသည်။

**<u>အကျုံးမဝင်သည့်အချက်များ</u>**

• ဗိုင်းရပ်ကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း

| | | | | |
|---|---|---|---|---|
| ၂ | သေဆုံးခြင်း<br>(   ) ယူနစ် | • အာမခံထားသူသည် အာမခံသက်တမ်းအတွင်း အာမခံစသည့်နေ့နှင့် နောက်ပိုင်းတွင် ဖြစ်ပွားသောရောဂါ (သို့မဟုတ်) မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးသောအခါ (သို့သော် အထက်ဖော်ပြပါ ပြင်းထန်သောရောဂါကြောင့် အကျိုးခံစားခွင့်ပေးချေထားပြီးသား အခြေအနေဖြစ်ပါက အာမခံစာချုပ်သည် ပျောက်ပျက်သွားမည်ဖြစ်ပြီး၊ သေဆုံးမှုအာမခံ အကျိုးခံစားခွင့်ကို ပေးချေမည် မဟုတ်ပါ)။ | 1,000,000 ကျပ် x ယူနစ်အရေအတွက် | |

**<u>အကျိုးခံစားခွင့်ပေးချေခြင်းဆိုင်ရာ ဖြည့်စွက်စည်းကမ်းချက်</u>**

- အကျိုးခံစားခွင့်ပေးချေချိန်တွင် ပေးချေရမည့် ငွေပမာဏထဲမှ စောင့်ဆိုင်းကာလအတွင်း မပေးချေရသေးသည့် ပရီမီယံကြေးကို နုတ်ပြီးမှ ပေးချေမည်။
- ပရီမီယံကြေးပေးသွင်းခြင်းမရှိဘဲ ပရီမီယံကြေးပေးသွင်းရန် စောင့်ဆိုင်းပေးသည့်ကာလကိုကျော်လွန်သွားပါက အာမခံစာချုပ်သည် စောင့်ဆိုင်းကာလပြည့်သည့်နေ့၏ နောက်နေ့မှစပြီး အကျိုးသက်ရောက်မှု ပျက်ပြယ်သွားမည်ဖြစ်ပြီး၊ စာချုပ်သည် ပျောက်ပျက်သွားမည်ဖြစ်သည်။